# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 7 , 2025 — Volume 86 , Number 4


| ၇ . ၁. ၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၈၉.၇၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၄.၅၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၈.၄၄ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၉.၇၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၆.၆၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၅၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၃၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၇.၇၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၈၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US


ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ရေထွက်ကုန်များ ပြည်ပနိုင်ငံများသို့ ပုံမှန်တင်ပို့လျက်ရှိ



ရန်ကုန်ကြည့်မြင်တိုင်စံပြငါးဈေးသို့ပြည်တွင်းစားသုံးမှုနှင့်ပြည်ပပို့ကုန်အဖြစ် ပင်လယ်ထွက်ကုန်အမျိုးအစား ၈၀ ခန့် ပုံမှန်ဝင်ရောက်လျက်ရှိပြီး ပြည်ပပို့ကုန်အဖြစ် ဆော်ဒီအာရေဗျ၊ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကို အအေးခန်းစက်ရုံများမှတစ်ဆင့် ရေလမ်းကြောင်းဖြင့်ပုံမှန်တင်ပို့လျက်ရှိကြောင်း အဆိုပါဈေးက သိရသည်။

ရန်ကုန်မြို့တွင် ပင်လယ်ငါးဖမ်းစက်လှေများဆိုက်ကပ်ရာဆိပ်ခံတံတား ၁၀ ခုကျော်ရှိပြီး ယခုရက်ပိုင်းအတွင်း မြန်မာ့ပင်လယ်ပြင်မှ ပြည်ပသို့ တင်ပို့သည့် ငါးနုပ်၊ ငါးတံခွန်၊ ငါးပုတ်သင်နှင့်ပုစွန်များအဆက်မပြတ်ဝင်ရောက်လျက်ရှိသည့်အတွက် နှစ်သစ်ကူးကာလ၌ ပင်လယ်ရေထွက်ကုန်များအရောင်းအဝယ်ကောင်းလျက်ရှိသည့်အပြင် ပြည်ပဝယ်လိုအားကောင်းသည့် ငါးသလောက်နှင့်ကင်းမွန်များရန်ကုန်ဈေးကွက်သို့ ယခုလအတွင်း လှိုင်လှိုင်ဝင်ရောက်လာနိုင်ကြောင်း ငါးလုပ်ငန်းရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

"ပင်လယ်ပြင်ကဝင်လာတဲ့ ငါး၊ ပုစွန်တွေကို ရန်ကုန်ဆိပ်ခံတံတားကနေ အအေးခန်းစက်ရုံတွေကို တင်ပို့ပြီး အဲ့ဒီကတစ်ဆင့်ကွန်တိန်နာနဲ့ ရေလမ်းကြောင်းကနေ ပြည်ပကိုပို့ကြတာပါ။ ပြည်ပဝယ်လက်တွေကိုယ်တိုင် ဆင်းပြီးမှာလို့ ပို့တာရှိသလို ကိုယ်စားလှယ်တွေက တစ်ဆင့်ပို့တာလည်းရှိပါတယ်။ ဒီလိုပို့တဲ့အခါ ပင်လယ်ငါးအပြင် ရေချိုထွက်ကုန်တွေပို့နေတာလည်းရှိတယ်။ပင်လယ်ငါးကရာသီမရွေးပို့ပါတယ်" ဟုရေလုပ်ငန်းရှင်တစ်ဦးကပြောပြသည်။

**Source: ရတနာပုံ သတင်းစာ**

## ပြင်ဦးလွင်မြို့၌ ကော်ဖီသီးနှံများထွက်ပေါ်



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကော်ဖီသီးနှံစိုက်ပျိုးမှုအနေဖြင့်စိုက်ဧက ၁၀,၃၇၈ဧကရှိကြောင်း ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကော်ဖီသီးနှံကို မေ၊ ဇွန်၊ ဇူလိုင်လတို့တွင် စတင်စိုက်ပျိုးပြီး ၃ – ၄ နှစ်ခန့်အကြာတွင် ကော်ဖီသီးများစတင်သီး၍ နိုဝင်ဘာ၊ ဒီဇင်ဘာလ ၊ ဇန်နဝါရီလများတွင် အသီးများခူးဆွတ်ရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ပင်ကြားတန်းကြား လေးပေအကွာအဝေးဖြင့်စိုက်ပျိုးရပြီးတစ်ဧကလျှင် ကော်ဖီအပင်ရေ ၁၃၆၀ ခန့်စိုက်ပျိုးနိုင်ကြောင်း၊ ကော်ဖီသီးနှံစိုက်ပျိုးရာတွင် ကုန်းမြင့်ကော်ဖီနှင့်မြေနိမ့်ကော်ဖီဟူ၍ ခွဲခြားစိုက်ပျိုးကြကြောင်း၊ ကုန်းမြင့်ကော်ဖီမှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ ကျော်တွင် စိုက်ပျိုးဖြစ်ထွန်းပြီး မြေနိမ့်ကော်ဖီမှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၀၀၀ တွင်သာ စိုက်ပျိုးနိုင်ကြောင်း၊ ပြင်ဦးလွင်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ ကျော်တွင် တည်ရှိသောကြောင့် ကုန်းမြင့်ကော်ဖီဖြစ်သော အာရေးဗီးကားကော်ဖီမျိုးများကို အဓိကထားစိုက်ပျိုးကြကြောင်း တစ်ဧကလျှင်ပိဿာချိန် ၁၅၀ ခန့်ထွက်ရှိပြီး တောင်ကြီး ၊ ရွှာင်၊ ကလော၊ ပြင်ဦးလွင်မြို့များရှိပွဲစားများက စိုက်ခင်းအရောက်လာရောက်ဝယ်ယူ၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**Source : ကြေးမုံသတင်းစာ**

## စားဖိုဆောင်သီးနှံ ဈေးကွက်သုံးသပ်ချက် ၃၀.၁၂.၂၀၂၄ မှ ၃.၁.၂၀၂၅ ထိ

တစ်ပတ်အတွင်းမှာတော့ ကုန်ခြောက်တွေဖြစ်တဲ့ ကြက်သွန်ဖြူ အာလူးတို့က ဈေးကျပြီး မန်ကျည်းသီးနဲ့သကြားက အတက်ဈေးတန်းမှာငြိမ်နေပါတယ် ။




**ကြက်သွန်ဖြူ**

ကြက်သွန်ဖြူကတော့ ဒီတစ်ပတ်မှာ တရုတ်ကြူကုတ်ရော ရှမ်းကြက်သွန်ဖြူတွေပါ ဈေးကျလာပါတယ်။

ကြူကုတ်တွေအဝင်ရှိနေသလိုရှမ်းကြက်သွန်ဖြူတွေလည်း အဝင်ရှိနေတာကြောင့်ဈေးတန်းပြန်ကျဆင်းလာတာဖြစ်တယ်လို့ သိရပါတယ်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်မှာ ကြူကုတ်တစ်ပိဿာကို ဒီတစ်ပတ်မှာ ၁၅,၈၀၀ ကျပ်ရှိပါတယ်။ရှမ်းကြက်သွန်ဖြူတွေဖြစ်တဲ့ ထူး–၂ က ၁၁,၅၀၀၊ ထူး– ၃ က ၁၃,၀၀၀၊ ထူး– ၄ က ၁၄,၀၀၀ ၊ထူး– ၅ က ၁၅,၀၀၀ ကျပ်ရှိပါတယ်။

ရှမ်းပြည်နယ်အောင်ပန်းကုန်စည်ဈေးကွက်မှာတော့ အောင်ပန်းထူး–၂ တစ်ပိဿာကို ၁၂,၅၀၀ ကျပ်၊ အောင်ပန်းထူး–၃ က ၁၃,၅၀၀ ကျပ်၊အောင်ပန်းထူး– ၄က ၁၄,၅၀၀ ကျပ်ရှိပြီး အောင်ပန်းထူး – ၅ တစ်ပိဿာကို ၁၅,၅၀၀ ကျပ်၊ ကြူကုတ်က ၁၈,၀၀၀ ကျပ်ရှိပါတယ်။

**အာလူး**

အာလူးကလည်း ဒီတစ်ပတ်မှာ ဈေးတန်းကျဆင်းလာပါတယ်။

တရုတ်အာလူးက ပစ္စည်းအဝင်ပြန်ရှိလာပြီး ရှမ်းအာလူးတွေလည်းအဝင်ရှိနေတာကြောင့် ဈေးတန်းကျလာတာဖြစ်တယ်လို့သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ တရုတ်အာလူးတစ်ပိဿာကို ၅၀၀၀ မှ ၅၅၀၀ ကျပ်သာဈေးတန်းရှိပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ မျက်နီ S1 –OK က ၆၀၀၀ ကျပ်၊ မျက်နီ – OK က ၅၅၀၀ ကျပ်၊ မျက်နီ –A1 က ၄၅၀၀ ကျပ်၊

A1 ဆွဲမျက်နီက ၃၅၀၀ ကျပ် ရှိလာပြီး လုပ်ငန်းသုံးအကြော်သီးတွေဖြစ်တဲ့ မားကစ် S2 – S 1 နဲ့ မျက်နီ S 2 – S1 က ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။

**မန်ကျည်းသီး**

မန်ကျည်းသီးမှည့်ကတော့ အရင်အပတ်ကဖြစ်ပေါ်ခဲ့တဲ့အတက်ဈေးတန်းမှာပဲဈေးငြိမ်နေပါတယ်။ ဈေးကွက်ထဲကို မန်ကျည်းသီးမှည့်ဝင်ရောက်မှုနည်းပြီးဝယ်လိုအားကောင်းတာကြောင့် မန်ကျည်းသီးဈေးနှုန်းကဆက်တိုက်မြင့်တက်လာပြီးအမြင့်ဈေးတန်းမှာပဲရှိနေတာဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ မန်ကျည်းသီး(ပွင့်ကပ်)အစေ့ပါ တစ်ပိဿာကို ၃၃၀၀ ကျပ်မှ ၃၅၀၀ကျပ်ရှိပြီး အစေ့ထုတ်ပြီး မန်ကျည်းသီးအသား တစ်ပိဿာကိုတော့ ၉၅၀၀ မှ ၁၃,၀၀၀ ကျပ်ရှိပါတယ်။

**သကြား**

သကြားကတော့ ပြည်တွင်းဈေးကွက်မှာ အရင်ကဖြစ်ပေါ်ခဲ့တဲ့အတက်ဈေးမှာပဲရှိနေပါတယ်။

ကြံကြိတ်ခွဲရာမှာကုန်ကျစရိတ်တွေမြင့်တက်လာတာကြောင့် သကြားစက်ရုံတွေကသကြားကို ဈေးနှုန်းမြင့်ရောင်းချခြင်း လက်ကျန်သကြားနည်းခြင်းကြောင့်သကြားဈေးက အတက်ဈေးမှာပဲရှိနေတာ ဖြစ်တယ်လို့ သိရပါတယ်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှာ သကြားတစ်ပိဿာကို ၄၈၀၀ မှ ၅၁၀၀ ကျပ်ဈေးတန်းရှိနေပါတယ်။ လက်ကားဈေးကွက်မှာတော့တစ်ပိဿာကို ၈၀၀၀ ကျပ်အထိရှိနေပါတယ်။


**ခရမ်းချဉ်သီး**

ခရမ်းချဉ်သီးကတော့ နယ်အစုံကနေ ခူးဆွတ်နေပြီးဈေးကွက်ထဲဝင်ရောက်နေပြီဖြစ်လို့ ဈေးထပ်မတက်ဘဲ အကျဈေးတန်းမှာပဲငြိမ်နေပါတယ်။ရှမ်းပြည်နယ်အောင်ပန်းကုန်စိမ်းဈေးကွက်မှာဆိုရင် ခရမ်းချဉ်သီးဂွတ်သီးတစ်ပိဿာကို ၃၅၀၀ ကျပ်၊ ခရမ်းချဉ်သီးရှယ်သီးကတစ်ပိဿာကို ၃၀၀၀ ကျပ်နဲ့ ခရမ်းချဉ်သီးတစ်ပိဿာ ၂၅၀၀ ကျပ်အထိသာရှိပါတယ်။

ကျန်တိုင်းနဲ့ပြည်နယ်တွေမှာတော့ ခရမ်းချဉ်တစ်ပိဿာကို ၄၀၀၀ ကျပ်ရှိပါတယ်။

**Source :** https://htwettoe.com/

## ကျောက်ဆည်မြို့နယ်တွင် ကုလားပဲသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်သည် စိုက်ပျိုးရေးကို အခြေခံ၍ စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ငရုတ်စသည့် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကုလားပဲဆောင်းသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိပြီး ကျောက်ဆည်မြို့နယ်တွင် ၃၀,၀၉၈ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၉,၅၁၇ ဧက၊ မြစ်သားမြို့နယ်တွင် ၂၁,၃၆၀ ဧက၊ စုစု ပေါင်း စိုက်ဧက ၆၀,၉၇၅ ဧကစိုက်ပျိုးထားကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကုလားပဲဆောင်းသီးနှံကို အောက်တိုဘာလနှင့်နိုဝင်ဘာလတို့တွင် အများဆုံးစိုက်ပျိုးကြပြီး သီးသန့်စိုက်ပျိုးမှုနှင့် သီးထပ်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြကြောင်း၊ ကုလားပဲ V2 မျိုးနှင့် ရိုးရိုးကုလားပဲလုံးသေးမျိုးများကိုစိုက်ပျိုးကြပြီး ကုလားပဲ V2 မျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင်မျိုးစေ့တစ်တင်းခွဲခန့်နှင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်းငွေကျပ် ၃၀၀,၀၀၀ ခန့်ကုန်ကျကြောင်း၊ယခုအချိန်တွင် ကုလားပဲသီးနှံစိုက်ခင်းများမှာအသီးအပွင့်ဝေဝေဆာဆာဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ကုလားပဲသီးနှံများထွက်ပေါ်ချိန်တွင် အထွက်နှုန်းနှင့်ဈေးနှုန်းများကောင်းမွန်ပါက အမြတ်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ကုလားပဲစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source : ကြေးမုံသတင်းစာ**

## ရေစကြိုမြို့နယ်တွင် မတ်ပဲသီးနှံများ လှိုင်လှိုင်ထွက်ပေါ်၍ ဈေးကောင်းရရှိကာ အကျိုးအမြတ်ရ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ပြောင်းဖူးစသည့်သီးနှံများကို အများဆုံးစိုက်ပျိုးလျက်ရှိရာ မတ်ပဲသီးနှံကို လည်းချင်းတွင်းမြစ်ရေကျချိန်တွင် အများအပြားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မတ်ပဲသီးနှံကို ဩဂုတ်လနှင့်စက်တင်ဘာလတို့တွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလတွင်စတင်ရိတ်သိမ်းကာဇန်နဝါရီလတွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ မတ်ပဲသီးနှံစိုက်ပျိုးရာတွင် ကြပက်စနစ်ဖြင့်စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ ထွန်ယက်ခ၊ ရိတ်သိမ်းခြွေလှေ့ခ၊ လုပ်သားခအပါအဝင် မတ်ပဲတစ်ဧကလျှင် ငွေကျပ် ၈- ၉ သိန်းခန့်ကုန်ကျကြောင်း၊ ယခုနှစ်တွင် ရာသီဥတုကောင်းမွန်သောကြောင့် မတ်ပဲတစ် ဧကလျှင် အထွက်နှုန်း ၂၀-၂၃ တင်းခန့်ထွက်ရှိကြောင်း၊ ယခုနှစ်တွင် မတ်ပဲစိုက်တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိပြီး အကျိုးအမြတ်ရရှိသောကြောင့် နွေမတ်ပဲသီးနှံများကိုလည်း ဖေဖော်ဝါရီလတွင် ပြန်လည်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မတ်ပဲစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source : ကြေးမုံသတင်းစာ**

## ဟုမ္မလင်းဒေသထွက် လက်ဖက်စို ၊ လက်ဖက်ခြောက်




ဟုမ္မလင်းမြို့မောင်းခမ်းကျေးရွာတွင် လက်ဖက်ကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိပြီး လက်ဖက်စိုက်ခင်းဧက တစ်ထောင်ကျော်ရှိကြောင်း သိရသည်။

ဒေသထွက်လက်ဖက်စိုကို အခါးထုတ်ပြီး အသင့်စားလက်ဖက်၊ မက်လင်သီး၊ စောင်းလျားသီးများဖြင့် ရောနှောကာ လက်ဖက်ချဉ်နှပ်ပြုလုပ်ရောင်းချခြင်း၊ လက်ဖက်အညွန့်များကို ရေသန့်ဖူးထဲထည့်၍ဖူးလိုက်ရောင်းချခြင်းများလက်ဖက်အညွန့်၊ အရွက်ကြမ်းများကို မီးနှင့်ပေါင်းခံ၍ရလာသော အရွက်များကို နေလှန်းပြီး လက်ဖက်ခြောက်ပြုလုပ်ကြောင်း၊ လက်ဖက်ခြောက် အမျိုးအစားပေါ်မူတည်၍ တစ်ပိဿာလျှင် ကျပ် ၁၅,၀၀၀ မှ ၂၀,၀၀၀ နှင့် လက်ဖက်အစိုမှာတစ်ပိဿာလျှင် ကျပ် ၅၀၀၀ မှ ၁၀,၀၀၀ခန့် ရောင်းချကြောင်း သိရသည်။

ဒေသထွက်လက်ဖက်များကို ခန္တီး၊ ဖောင်းပြင်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ချင်းတွင်းမြစ်တစ်လျှောက် မြို့များ၊ မုံရွာမြို့နှင့် မန္တလေးမြို့များသို့လည်း တင်ပို့ရောင်းချကြောင်းနှင့် လက်ဆောင်ပေးရန် ဝယ်ယူမှုများလည်းရှိကြောင်းသိရသည်။

**Source : DOCA စစ်ကိုင်း**

https://www.doca.gov.mm/

## ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငရုတ်သီးခြောက် ပိဿာချိန် ၆၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငရုတ်သီးခြောက်ပိဿာချိန် ၆၅,၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ်စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။



ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း ငရုတ်သီးခြောက် ပိဿာချိန် ၅၃,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ငရုတ်သီးခြောက်ပိဿာချိန် ၆၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးခြောက်ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၉၇,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"ရေကြည်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဒီဇင်ဘာလထဲမှာ ငရုတ်သီးခြောက်ပိဿာချိန် ၆၅,၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဒီနှစ်ဒေသထွက်ငရုတ်သီးတွေက အရည်အသွေးကောင်းပါတယ်။ ငရုတ်သီးက အရည်အသွေးကောင်းတော့မှာယူမှုများပြီး တင်ပို့အားကောင်းခဲ့တာပါ။ လက်ရှိငရုတ်သီးခြောက်ဈေးကတော့ ပိဿာချိန် ၁၀ ကို ငွေကျပ် ၉၇,၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ရန်ကုန်မြို့နယ်ဘက်ကဝယ်လက်တွေနဲ့လဲချိတ်ဆက်ထားပါတယ်" ဟု ရေကြည်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

အဆိုပါဒေသမှထွက်ရှိလာသောငရုတ်သီးများအရည်အသွေးကောင်းမွန်ကြောင်း၊ လက်ရှိငရုတ်သီးခြောက်များတင်ပို့မှုအားကောင်းလာခြင်းကြောင့်တောင်သူများ၊ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေကြောင်းသိရသည်။

**Source: ရတနာပုံ သတင်းစာ**

## မလေးရှား၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလက်မှတ်ရ ရော်ဘာတန်ချိန် ၂၀၀ ကို အီးယူသို့ စတင်တင်ပို့

အီးယူ၏သစ်တောပြုန်းတီးမှုကာကွယ်ရေးဥပဒေသစ်မကျင့်သုံးမီ မလေးရှားအနေဖြင့်အဆိုပါစည်းမျဉ်းများနှင့် ကိုက်ညီနိုင်ရေးကြိုးပမ်းလျက်ရှိရာ ပထမဆုံးရေရှည်ဖွံ့ဖြိုးတိုးတက်မှုလက်မှတ်ရရော်ဘာတန်ချိန် ၂၀၀ ကို အီးယူသို့တင်ပို့တော့မည်ဖြစ်ကြောင်း၊ မလေးရှား ကုမ္ပဏီ ၂ ခု ဖြစ်သည့် Lee Rubber Group Sdn Bhd နှင့် Seng Hin Rubber M Sdn Bhd တို့က ဆလိုဗားကီးယားနှင့် နယ်သာလန်တို့သို့ တင်ပို့မည်ဖြစ်ကြောင်း Business Times သတင်းတွင်ဖော်ပြထားပါသည်။

စိုက်ပျိုးရေးနှင့်ကုန်စည်များဝန်ကြီးဌာန၊ဝန်ကြီး Datuk Seri Johari Abdul Ghani က မလေးရှား၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလက်မှတ်ရရော်ဘာသည် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီမလေးရှားရော်ဘာထုတ်လုပ်မှုတိုးမြှင့်နိုင်ရန်ကစားပွဲအပြောင်းအလဲဖြစ်ကြောင်း၊ အီးယူ၏သစ်တောပြုန်းတီးမှုကာကွယ်ရေးဥပဒေသစ်မကျင့်သုံးမီ ယခုကဲ့သို့ရော်ဘာတင်ပို့နိုင်ခြင်းသည်နိုင်ငံတကာစံချိန် စံညွှန်းနှင့်အညီထုတ်လုပ်လိုသောမလေးရှား၏ကတိကဝတ်ကိုပြသခြင်းဖြစ်ကြောင်း၊ လယ်ယာကုန်စည်ကဏ္ဍသည် ကမ္ဘာ့ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအလေ့အထနှင့်ချိတ်ဆက်နေသောစက်မှုကဏ္ဍဝယ်လိုအားကွင်းဆက်နှင့်ကိုက်ညီရန်ဆောင်ရွက်နေမှုကိုလည်း ပြသနေပါကြောင်း၊ ရော်ဘာကဏ္ဍမှ တာဝန်ရှိသူများပူးပေါင်းဆောင်ရွက်မှုဖြင့် မလေးရှားသည် ကမ္ဘာ့ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် အရည်အသွေးမြင့် ရော်ဘာထုတ်လုပ်မှုတွင်ဦးဆောင်နေရာရရှိနိုင်ကြောင်း၊ နည်းပညာတိုးတက်မှုနှင့်တီထွင်မှုတို့ကလည်းပြည်တွင်းရော်ဘာကဏ္ဍတိုးတက်မှုကိုတွန်းအားပေးနိုင်သည့်အပြင် ပတ်ဝန်းကျင်ရေရှည်ထိန်းသိမ်းမှုနှင့်တကွနိုင်ငံစီးပွားရေးတိုးတက်မှုကို အထောက်အကူပြုနိုင်ကြောင်း ပြောကြားခဲ့သည်။

ရော်ဘာကုန်ကြမ်းကို မလေးရှား၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလက်မှတ်ရလုပ်ကွက်ငယ်ရော်ဘာထုတ်လုပ်သူများထံမှဝယ်ယူခြင်းဖြစ်ပြီး မလေးရှား၏လုပ်ငန်းဆောင်ရွက်မှုစံချိန်စံညွှန်းသည်နိုင်ငံတကာစံချိန်စံညွှန်းများနှင့်တန်းတူဖြစ်ကြောင်း သိရသည်။

မလေးရှားရော်ဘာဘုတ်အဖွဲ့မှအောက်တိုဘာလ ၇ ရက်နေ့တွင် စတင်ကျင့်သုံးခဲ့သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလက်မှတ်အစီအစဉ်သည် ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များနှင့်အညီချမှတ်ထားခြင်းဖြစ်သည်။

ဝန်ကြီးကရော်ဘာသည်နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်အရေးပါကြောင်း၊၂၀၂၃ ခုနှစ်စာရင်းများအရ မိသားစု ၂၅၀,၀၀၀ ခန့်နှင့် လုပ်ငန်းနေရာ ၁၀၀,၀၀၀ ခန့် ရှာဖွေပေးနိုင်ခဲ့ကြောင်း၊ ရော်ဘာပို့ကုန်မှရငွေ မလေးရှားရင်းဂစ် ၂၇ ဒသမ ၈ ဘီလီယံရှိကြောင်း၊မလေးရှား၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလက်မှတ်မှာပြည်တွင်းလုပ်ငန်းရှင်များ၊ အီးယူဈေးကွက်၏ ၁၅ ရာခိုင်နှုန်းတန်ဖိုးအားဖြင့် မလေးရှားရော်ဘာစုစုပေါင်းတင်ပို့မှု၏ မလေးရှားရင်းဂစ် ၃ ဒသမ ၈၇ ဘီလီယံကို ကာကွယ်ရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာ့ဆီအုန်းတင်ပို့မှုအများဆုံးဖြစ်သည့် မလေးရှားနှင့်အင်ဒိုနီးရှားတို့သည်အီးယူ၏ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒများ ကိုခွဲခြားဆက်ဆံသည့်မူဝါဒများအဖြစ် ဝေဖန်ထားကြသည်။

Source : Business Times https://commerce.gov.mm/

## ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း စံချိန်တင်လေကြောင်းခရီးသည်များ ဝင်ရောက်ခဲ့



ကမ္ဘောဒီးယားနိုင်ငံတကာလေဆိပ် ၃ ခုသည် ၂၀၂၄ ခုနှစ်တွင် စုစုပေါင်းခရီးသည် ၅ ဒသမ ၆၅ သန်းကို ဝန်ဆောင်မှုပေးခဲ့ကြပြီး ၂၀၂၃ ခုနှစ် ၄ ဒသမ ၀၄ သန်းမှ ၃၉ ဒသမ ၈ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း လေကြောင်းပို့ဆောင်ရေးဆိုင်ရာနိုင်ငံခြားဝန်ကြီးရုံး (SSCA) ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ လေကြောင်းခရီးဖြင့် ခရီးသည်များ သိသိသာသာတိုးလာကြောင်းနှင့် လေကြောင်းခရီးသည် ၅ ဒသမ ၆ သန်းအထိရရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် လေကြောင်းခရီးသည် ၇ သန်းကျော်အထိတိုးလာရန် မျှော်မှန်းထားကြောင်း SSCA ဝန်ကြီး Mao Havannall ကပြောကြားခဲ့သည်။

လက်ရှိတွင် လေကြောင်းလိုင်း ၃၀ သည် အာဆီယံ ၈ နိုင်ငံ၊ တရုတ်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ အိန္ဒိယ၊ ကာတာနှင့် UAE နိုင်ငံများသို့ တိုက်ရိုက်ပျံသန်းဝန်ဆောင်မှုများပေးလျက်ရှိသည်။

ကမ္ဘောဒီးယားနိုင်ငံရှိ လေကြောင်းလိုင်းကဏ္ဍသည်မကြာသေးမီနှစ်များအတွင်းအရှိန်အဟုန်ဖြင့်တိုးတက်လာခဲ့ပြီး နိုင်ငံ၏ လေဆိပ်အခြေခံအဆောက်အအုံများကိုခေတ်မီစေရန် အစိုးရ၏ကြိုးပမ်းဆောင်ရွက်မှုများတိုးမြှင့်လာမှုကြောင့် လေကြောင်းခရီး သွားလာမှုများတိုးတက်လာသည်။

ခရီးသွားလာရေးဝန်ကြီးဌာနနှင့်အခြားအဖွဲ့အစည်းများ၏ ခရီးသွားမြှင့်တင်ရေးနှင့်နိုင်ငံခြားခရီးသွားများ ပိုမိုဝင်ရောက်စေရန် ကြိုးပမ်းခြင်းတို့သည် လေကြောင်းခရီးသည်တိုးတက်မှုကိုမြှင့်တင်ပေးသည့် အကြောင်းအရင်းများဖြစ်ကြောင်း Mao Hava nnall က ထပ်မံပြောကြားခဲ့သည်။

နိုင်ငံခြားခရီးသည်စုစုပေါင်း ၃၅ ဒသမ ၉ ရာခိုင်နှုန်းခန့်သည်ကမ္ဘောဒီးယားသို့လေကြောင်းခရီးဖြင့် ဝင်ရောက်ခဲ့ကြပြီး တစ်နှစ်ထက်တစ်နှစ် ၂၈ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်လာကြောင်း SSCA ၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

Source : DOCA(ရန်ကုန်)

https://www.doca.gov.mm/

## တရုတ်နိုင်ငံ၊ ရှင်းကျန်းပြည်နယ် ဟော်ဂိုနယ်စပ်ဂိတ်တွင် ၂၀၂၄ ခုနှစ်၌ တရုတ်-ဥရောပကုန်တင်ရထားများ စံချိန်တင်မြင်တွေ့ရ

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း၊ ရှင်းကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ Xinjiang Uygur Autonomous Region ရှိ အဓိကရထားလမ်းအချက်အချာဖြစ်သည့် ဟော်ဂိုနယ်စပ်ဂိတ် Horgos port သည် ၂၀၂၄ ခုနှစ်တွင် တရုတ်-ဥရောပ ကုန်စည် ပို့ဆောင်ရေး ရထားခရီးစဉ်စုစုပေါင်း ၈,၇၃၀ဖြင့် စံချိန်တင်ခဲ့ပြီးတစ်နှစ်ထက်တစ်နှစ် ၁၂ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ဒေသအကောက်ခွန်အရာရှိများထံမှ သိရသည်။

ယခင် ၂၀၂၃ ခုနှစ်က ယင်းနယ်စပ်ဂိတ်တွင် ကုန်စည်တန်ချိန် စုစုပေါင်း ၁၂ ဒသမ ၁ သန်းကို ကိုင်တွယ်နိုင်ခဲ့ပြီး ယခင်နှစ် ထက် ၁၀ ဒသမ ၉ ရာခိုင်နှုန်း တိုးလာသဖြင့် စံချိန်တင်နိုင်ခဲ့ကြောင်း ဒေသအကောက်ခွန်ဌာနက ထုတ်ပြန်ခဲ့သည်။

ဟော်ဂိုနယ်စပ်ဂိတ်သည် ၂၀၂၄ ခုနှစ်တွင် တရုတ်-ဥရောပ ကုန်တင်ရထားခရီးစဉ်တစ်ရက်လျှင် ပျမ်းမျှ ၂၂ ခုကျော်ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

နေ့စဉ်သုံးပစ္စည်းများ၊ စက်နှင့်လျှပ်စစ်ပစ္စည်းများကဲ့သို့သောအရေအတွက်များသည့် "Made in China" ထုတ်ကုန်များကို ဗဟိုအာရှ Central Asian နှင့် ဥရောပ ဈေးကွက်များသို့ လွယ်ကူချောမွေ့စွာပို့ဆောင်ပေးနိုင်ခဲ့သည်။

လွယ်ကူချောမွေ့သော လုပ်ထုံးလုပ်နည်းများနှင့်အတူ နယ်စပ်ဂိတ်ရှိကုန်တင်ရထားများအတွက် အကောက်ခွန်ရှင်းလင်းမှု ကြာမြင့်ချိန်ကို၁၂နာရီမှ ၆ – ၈ နာရီသို့လျှော့ချလာနိုင်ခဲ့ကြောင်းဟော်ဂိုအကောက်ခွန်မှ Zhao Yuanfeng က ပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ ခရီးစဉ်ပေါင်း ၈၅ ခုတွင်ပြေးဆွဲလျက်ရှိသော ကုန်တင်ရထား ၄၀,၀၀၀ ကျော်သည် ဟော်ဂိုနယ်စပ်ဂိတ်မှတစ်ဆင့် ဗဟိုအာရှနှင့်ဥရောပရှိ ၎င်းတို့၏ ဦးတည်ရာနေရာများကို ရောက်ရှိနေပြီဖြစ်သည်။

ဟော်ဂိုနယ်စပ်ဂိတ်သည် တရုတ်နှင့်ယူရေးရှား(Eurasia) ကိုဆက်သွယ်ပေးထားသည့် အရေးကြီးသော ထောက်ပံ့ပို့ဆောင်ရေး လမ်းကြောင်းတစ်ခုဖြစ်လာသည်။

**Source :** http://en.people.cn/n3/2025/0104/c90000-20261984.html

**စီးပွားရေးသံမှူး၊**

**တရုတ်နိုင်ငံ၊ ကူမင်းမြို့။**

https://myantrade.gov.mm/

## ယခုနှစ်တွင် ဗီယက်နမ်၏အဝတ်အထည်နှင့်အထည်အလိပ်တင်ပို့မှု အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံရောက်ရှိရန် ခန့်မှန်းရ



၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်၏ အဝတ်အထည်နှင့်အထည်အလိပ်တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံဖြင့် ၂၀၂၃ ခုနှစ်ကထက် ၁၁ ဒသမ ၂၆ ရာခိုင်နှုန်းမြင့်တက်ရန် ခန့်မှန်းရကြောင်း ဗီယက်နမ်အဝတ်အထည်နှင့် အထည်အလိပ်အသင်း VITAS ၏အဆိုအရ သိရသည်။

တစ်ချိန်တည်းမှာပင် အဝတ်အထည်နှင့်အထည်အလိပ်တင်သွင်းမှုတန်ဖိုးမှာခန့်မှန်းအမေရိကန်ဒေါ်လာ၂၅ ဘီလီယံရှိသည့်အတွက် ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံ ရရှိကြောင်းသိရသည်။

VITAS ၏ဥက္ကဋ္ဌဖြစ်သူ Vu Duc Giang က ထိုလုပ်ငန်းကဏ္ဍမှ များစွာသောကုမ္ပဏီများသည် ၂၀၂၄ နှင့် ၂၀၂၅ နှစ်ခုလုံးအတွက် ကြီးမားသောမှာယူမှုများရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာရှုပ်ထွေးမှုများ၊နှေးကွေးသောကုန်သွယ်ရေးနာလံထူမှုနှင့်ကမ္ဘာလုံးဆိုင်ရာရင်းနှီးမြှုပ်နှံမှုလျှော့ချမှုများရှိနေသော်လည်း ဗီယက်နမ်၏ အဝတ်အထည်နှင့်အထည်အလိပ်လုပ်ငန်းသည် အားကောင်းစွာကြီးထွားမှုကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်အတွက်မူ လုပ်ငန်းနယ်ပယ်တစ်ခုလုံးသည်တင်ပို့ရာမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၄၈ ဘီလီယံပတ်ချာလည်ရရှိရန် ရည်ရွယ်ထားကြောင်း သိရသည်။

သို့သော် Giang ကအကောင်းမြင်ခန့်မှန်းမှုများရှိသော်လည်းလုပ်ငန်းနယ်ပယ်သည်ကြီးမားသောမှာယူမှုများအတွက် အခွင့်အရေးအကန့်အသတ်ရှိနေခြင်းနှင့် စားသုံးသူဝယ်လိုအားနှေးကွေးခြင်းတို့ပါဝင်သည့် သိသာထင်ရှားသည့်စိန်ခေါ်မှုများနှင့် ၂၀၂၅ တွင် ရင်ဆိုင်ရနိုင်ကြောင်းသတိပေးပြောကြားခဲ့ပါသည်။

ထို့ပြင် လာမည့်နှစ်တွင်မှာယူသည့် တန်ဖိုးနည်းပါးသည့်ဖိအားအပြင်ကုန်ကြမ်းပစ္စည်းဖူလုံမှုရှိရေးနှင့်ထုတ်လုပ်ရာတွင်တင်းကျပ်သည့်စည်းမျဉ်း နှင့် စံနှုန်းသစ်များလိုအပ်ချက်မြင့်တက်လာသည့် စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရနိုင်ကြောင်း သိရသည်။

Hung Yen အထည်အလိပ်ကော်ပိုရေးရှင်း၏ဥက္ကဋ္ဌဖြစ်သူ Nguyen Xuan Duon က လုပ်ငန်းနယ်ပယ်သည် ၂၀၂၄ တွင်တင်ပို့မှုမှတစ်ဆင့်အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံရရှိရန်ခန့်မှန်းရသော်လည်း ဥရောပသမဂ္ဂသို့တင်ပို့မှုမှာ သင့်ရုံမျှသာရှိကြောင်းသိရသည်။

လုပ်ငန်း၏သိသာထင်ရှားသောစိန်ခေါ်မှုမှာကုန်ကြမ်းပစ္စည်းများကိုတရုတ်နှင့်အခြားလွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်အဖွဲ့ဝင်မဟုတ်သည့်နိုင်ငံများမှ တင်သွင်းနေရခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင်ကုမ္ပဏီများသည်ထုတ်လုပ်မှုလုပ်ငန်းစဉ်တိုးတက်ရေးအတွက်နည်းပညာနှင့်လူအစားအလိုအလျောက် စက်ကိရိယာအသုံးပြုခြင်းတို့တွင် ဆက်လက်ရင်းနှီးမြှုပ်နှံမှုပြုရန် လိုအပ်ကြောင်းသိရသည်။


ဆက်လက်၍ စွမ်းအင်ချွေတာရေးစီမံချက်များနှင့်ထုတ်လုပ်ရာတွင် ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုခြင်းတို့ကလည်း အစိမ်းရောင်အသိအမှတ်ပြုလက်မှတ်ရယူရာတွင် အရေးပါကြောင်းသိရသည်။

**Source : Vietnam Plus**

**DOCA ရန်ကုန်**

https://www.doca.gov.mm/

## STOCK EXCHANGE (7.1.2025)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data


As of 7th Jan. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 15,117 (Shares) | 31,527,300 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 33,109,694 | 274,811 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 1,338 | 4,281,600 | 38,929,150 | 124,573 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 1,950 | +50 | +2.63% | 1,900 | 1,950 | 1,900 | 1,420 | 2,703,000 | 29,664,613 | 57,846 |
| TMH | 00005 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 308 | 1,001,000 | 12,823,224 | 41,676 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 1,230 | 2,049,500 | 19,977,223 | 33,961 |
| AMATA | 00007 | 4,200 | +0 | +0.00% | 4,200 | 4,200 | 4,200 | 380 | 1,596,000 | 10,497,598 | 44,090 |
| MAEX | 00008 | 3,200 | +50 | +1.59% | 3,200 | 3,200 | 3,150 | 441 | 1,396,200 | 23,804,946 | 76,176 |


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

Market summary

As of 7th Jan. 2025

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 392.04 | +1.42 | +0.36% | 390.72 | 392.04 | 390.09 | 5,117 | 13,027,300 | 8 | 739,461 |

Index chart



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 7th Jan. 2025

| Trading Volume | Trading Value |
|---|---|
| 15,117 (Shares) | 31,527,300 (MMK) |

### Main Board

As of 1:00 pm, 7th Jan. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 15,117 (Shares) | 31,527,300 (MMK) |

| MYANPIX | 392.04 ▲ 1.42 |
|---|---|
| Total Volume (shares) | 5,117 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 739,461 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 50 |
| TMH | 00005 | 3,250 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,200 | ▲ 0 |
| MAEX | 00008 | 3,200 | ▲ 50 |

TIR